


# IOM X မြန်မာကမ်ပိန်း လှုပ်ရှားမှု

IOM X မြန်မာကမ်ပိန်းလှုပ်ရှားမှုသည် ရွှေ့ပြောင်းသွားလာလိုသူများအနေဖြင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရခြင်းနှင့် လူကုန်ကူးခံရခြင်း အန္တရာယ်များမှ မိမိကိုယ်ကို ကာကွယ်နိုင်ရန် ပိုမိုကောင်းမွန်သည့် ရွှေ့ပြောင်းသွားလာခြင်း ပြုလုပ်နိုင်ရန် လိုအပ်သည့် သတင်းအချက်အလက်များ ရှာဖွေစေရေးအတွက် တိုက်တွန်းနှိုးဆော်လိုခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလ မှစတင်၍ လှုပ်ရှားမှု၏ လုပ်ဆောင်ချက်များဖြစ်သော အကြိမ်ပေါင်း သန်း ၁၇၀ ကျော် ဝင်ရောက်ကြည့်ရှုခဲ့ကြသည့် ဝဘ်စာမျက်နှာ၊ ဗွီဒီယိုဇာတ်လမ်းတွဲ ၈ ပိုင်းနှင့် မီဒီယာ အခမ်းအနားနစ်ခုတို့ဖြင့် စိတ်ချလုံခြုံသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်ကို လူသန်းပေါင်းများစွာအထိ ရောက်ရှိစေရန် လုပ်ဆောင်နိုင်ခဲ့သည်။ IOM X လှုပ်ရှားမှုကို အမေရိကန် နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီ (USAID)နှင့် မြန်မာနိုင်ငံ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်း၍ ထုတ်လုပ်ထားခြင်းဖြစ်သည်။

STOP EXPLOITATION
LEARN · ACT · SHARE

USAID
FROM THE AMERICAN PEOPLE

# IOM X မြန်မာ လှုပ်ရှားမှု ပျံ့နှံ့ရောက်ရှိပုံ

စက်တင်ဘာ ၂၀၁၇ မှ ဩဂုတ် ၂၀၁၈ အထိ

ကြည့်ရှုမည့်သူ
သန်း ၁၇၀

ဗီဒီယို
၉ ခု ထုတ်လုပ်

အွန်လိုင်းဗွီဒီယို
ကြည့်ရှုသူ ၁.၄ သန်း

ရုပ်သံတင်ဆက်မှု
၇၂ ခု

အခမ်းအနား
၃ ခု

သတင်းဆောင်းပါးနှင့်
တင်ဆက်မှု ၇၁

အများပြည်သူဆိုင်ရာ
ကိုယ်စားလှယ် ၂၅ ဦး
ဆွေးနွေးတိုင်ပင်ခဲ့

ပုဂ္ဂလိကကဏ္ဍအတွက်
**US$** ၆၉.၂၁၄ သုံးစွဲခဲ့

IOMX.org/mm

ပေ့ချ်သို့ ဝင်ရောက်
ကြည့်ရှုသူပေါင်း
၁၁,၃၈၉

သုတေသန
ပူးပေါင်းပါဝင်သူ
၁,၀၅၁

ပုဂ္ဂလိကကဏ္ဍ
မိတ်ဖက် – ၂

အခမ်းအနား
တက်ရောက်သူ
၂၇၅

IOM X မြန်မာ ကမ်ပိန်း လှုပ်ရှားမှု


# ကမ်ပိန်း လှုပ်ရှားမှု ဒီဇိုင်းပုံစံ

ရွှေ့ပြောင်းသွားလာခြင်းသည် မြန်မာ့လူဦးရေ ရာခိုင်နှုန်းအတော်များများအပေါ် သက်ရောက်သည့် ခေါင်းစဉ်ဖြစ်သည်။ မြန်မာ့ လူဦးရေ၏ ၂၅% သို့မဟုတ် ၁၃ သန်းသည် ပြည်တွင်းသော်လည်းကောင်း၊ ပြည်ပသို့သော်လည်းကောင်း ရွှေ့ပြောင်း သွားလာနေကြသည်ဟု ခန့်မှန်းကြသည်။[၁] မဟာမဲခေါင်ဒေသတွင်း နိုင်ငံများအနက် မြန်မာနိုင်ငံသည် ထွက်ခွာရွှေ့ပြောင်းသူ လူဦးရေ အများဆုံးရှိသော နိုင်ငံဖြစ်သည်။[၂] ထိုင်းနိုင်ငံ တစ်ခုတည်းတွင်ပင် မြန်မာရွှေ့ပြောင်းနေထိုင်သူ လူဦးရေ ၄၅၀၀၀၀ နှင့် ၃၀၀၀၀၀၀ အကြားရှိသည့်အတွက် မြန်မာ ရွှေ့ပြောင်းအများဆုံး သွားရောက်ရာ နိုင်ငံဖြစ်သည်။[၃] ပုံမှန်ရွှေ့ပြောင်းသွားလာ သူများအတွက်လမ်းကြောင်းများရှိသော်လည်း ရွှေ့ပြောင်း လုပ်သား အများစုသည် ပုံမှန်မဟုတ်သော လမ်းကြောင်းများမှ ရွှေ့ပြောင်း သွားလာနေကြသည်။ အဘယ့်ကြောင့်ဆိုသော် ပုံမှန်လမ်းကြောင်းမှ သွားလာပါက စရိတ်စကကြီးမား၍ အချိန်ကြာမြင့်သည်ဟု ယုံကြည်ကြသည်။[၄] အခြားသော လူကြိုက်များသည့် ရွှေ့ပြောင်းများ သွား ရောက်ရာ နိုင်ငံများမှာ မလေးရှား၊ တရုတ်၊ စင်ကာပူနှင့် အမေရိကန်ပြည်ထောင်စု တို့ဖြစ်ကြသည်။

ပုံမှန်မဟုတ်သော လမ်းကြောင်းများဖြင့် ရွှေ့ပြောင်းသွားလာသူများသည် ဥပဒေအရ ဖမ်းဆီးအရေးယူခံရမည်ကို စိုးရိမ်ကြောက်လန့်ကြသည့် အတွက် ခေါင်းပုံဖြတ် အမြတ်ထုတ် ခံရနိုင်ခြေမြင့်မားပြီး ၊ အကယ်၍ ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရပါကလည်း တိုင်ကြားရန် မဝံ့ရဲကြပေ။ မြန်မာရွှေ့ပြောင်းများစွာကို (ကုန်ထုတ်လုပ်ရေး၊ ဆောက်လုပ်ရေး၊ ငါးဖမ်းလုပ်ငန်းနှင့် စိုက်ပျိုးရေးတို့သာမက အိမ်တွင်းမှု အလုပ်အကိုင်တွင်) အတင်းအဓမ္မစေခိုင်းခံရသူများအဖြစ်၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရသူများအဖြစ်နှင့် အတင်းအဓမ္မ တောင်းရမ်းခိုင်းခံရသူများအဖြစ် တွေ့ရသည်။ ယင်းသို့ပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် ကောင်းမွန်သော အလုပ်အကိုင်များပြ၍ လူကုန်ကူးခံရသူများနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ် ခံရသူများကို ဆွဲဆောင်ခဲ့ ကြခြင်းဖြစ်သည်။ ထိုမျှသာမက ယင်းသို့ကျူးလွန်ခံရသူများမှာ အလုပ်ရှာပေးခ စရိတ်စကများဖြင့် လှည့်ဖြားခံရပြီး အကြွေးဖြင့် ချည်နှောင်ခံရသည့် အခြေအနေမျိုးလဲ ကြုံရသည်။[၅]

## သုတေသန

IOM X မြန်မာ လှုပ်ရှားမှုကို ၂၀၁၇ ခုနှစ် စက်တင်ဘာလက ရန်ကုန်မြို့ရှိ မြို့နယ်ပေါင်း ခုနစ်မြို့နယ်မှ ရွှေ့ပြောင်းသွားလာသူ ၁၀၀၂ ယောက်ကို လုံခြုံ စိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်သည့် ၎င်းတို့၏ ဗဟုသုတ၊ ခံယူချက် သဘောထားနှင့် အလေ့အထများကို စစ်တမ်းကောက်ယူခြင်းဖြင့် စတင်ခဲ့သည်။ မေးမြန်းမည့်သူများကို ရွေးချယ်ရာတွင် လူကုန်ကူးခြင်းနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းကို ခံရနိုင်ဖွယ်အရှိဆုံး သူများအား ရွေးချယ်ခဲ့သည်။




## စစ်တမ်းမှ အဓိကတွေ့ရှိချက်များ

အင်တာနက်အသုံးပြုသူ ၇၇% အနက် ၉၉% သည် မိုဘိုင်းဖုန်းဖြင့် အင်တာနက်အသုံးပြုသည်။

၈၆% သည်လုံခြုံစိတ်ချရသောရွှေ့ပြောင်းသွားလာမှုဆိုင်ရာသတင်းအချက်အလက်ရရှိနိုင်ကြသူများဖြစ်ပြီး အများစု (၈၄%) သည် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုအကြောင်းကိုမိတ်ဆွေနှင့် မိသားစုများထံမှ ရရှိသည်။

ဖြေဆိုသူ ၅၂% ကသာ ပြည်ပထွက်ခွာရန် လိုအပ်သည့် ပတ်စပို့၊ အလုပ်ဗီဇာနှင့် အလုပ်အကိုင် စာချုပ်စသည့် စာရွက်စာတမ်းများကို သိကြသည်။

ဖြေဆိုသူ ၂၂% ကသာ ရွှေ့ပြောင်းလုပ်သားများထောက်ပံ့ ကူညီရေး ဗဟိုဌာနများ သို့မဟုတ် ပြည်ပအလုပ်အကိုင် နေရာချထားရေး ရုံးများမှ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များရရှိနိုင်သည်ကို သိရှိ ကြသည်။

၉၄% က လူကုန်ကူးခြင်း အကြောင်း သိကြသော်လည်း ၃၃% ကသာ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးငယ်များသည် လူကုန်ကူး ခံရနိုင်ခြေရှိသည်ကို သိကြသည်။

[1] IOM Myanmar, General Information – Overview. Available from www.iom.int/countries/myanmar.
[2] Ibid.
[3] UNODC, Trafficking in Persons from Cambodia, Lao PDR and Myanmar to Thailand (2017), pp. 100.
[4] Ibid, pp. vii.
[5] UNODC, Trafficking in Persons from Cambodia, Lao PDR and Myanmar to Thailand (2017),,pp. 119-123.

## ဖြေဆိုသူများ၏ သတင်းမီဒီယာ အသုံးပြုပုံ

စစ်တမ်းကောက်ယူရာတွင် ဦးတည်ပရိသတ်ထံသို့ အကောင်းဆုံးသတင်းပေးပို့နိုင်ရန် ဖြေဆိုသူများ၏မီဒီယာ အသုံးပြုမှုပုံစံများကိုလည်း ထည့်သွင်းမေးမြန်းခဲ့သည်။

- **ပိုင်ဆိုင်မှု** – တီဗွီ ၉၃%၊ စမတ်ဖုန်း သို့မဟုတ် တက်ဘလက် ၉၀%၊ အင်တာနက် ၇၆%၊ သတင်းစာ ၄၆%၊ ရေဒီယို ၂၃%
- **အသုံးပြုမှု** – တီဗွီ ၉၁% ၊ အင်တာနက် ၇၇% ၊ ရေဒီယို ၁၉%။ အမျိုးသားများက အမျိုးသမီးများထက် ပိုမိုအသုံးပြုသည်။
- လူကြိုက်များသော တီဗွီလိုင်းများ – MRTV 4 (၈၉%)၊ Channel 7(၈၈%)၊ TV Myanmar/MRTV(၇၃%)
- လူကြိုက်များသော တီဗွီအစီအစဉ်များ – ရုပ်ရှင် (၈၁%)၊ ပြည်တွင်းသတင်း (၈၀%)၊ နိုင်ငံတကာသတင်း (၇၇%)။ အမျိုးသားများက (၇၆%) အားကစားအစီအစဉ်များကို ပိုမိုအားပေးကြပြီး အမျိုးသမီးများ (၈၇%)က ဒရာမာဇာတ်လမ်းတွဲများ ပိုကြိုက်ကြသည်။
- အင်တာနက် ချိတ်ဆက်မှု – အင်တာနက် အသုံးပြုသူ ၇၇%တွင် ၉၉% သည် မိုဘိုင်းဖုန်းဖြင့် အသုံးပြုသည်။

## ရလာဒ်များကို ဆန်းစစ်ခြင်း

စစ်တမ်းရလာဒ်များကို ရန်ကုန်မြို့၌ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၇ – ၁၉ တို့တွင် ကျင်းပခဲ့သော ပူးပေါင်းပါဝင်သည့် အစီအမံနှင့် အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ (PPCD) ၌ ((I)NGOs၊ ရပ်ရွာအခြေပြုအဖွဲ့များ၊ လူကုန်ကူးခြင်း ခံရသူများ စသည်) ဆက်စပ်နေသူများ ၂၅ ဦးကို တင်ပြခဲ့သည်။ IOM X မြန်မာလှုပ်ရှားမှုသည် ပြည်ပသို့ အလုပ်အကိုင်စာချုပ် ချုပ်ဆိုခြင်းမရှိပဲ ရွှေ့ပြောင်းသွားလာနေခြင်းကို အဓိက ဦးစားပေးသင့်သည် ဟု သန္နိဋ္ဌာန်ချခဲ့ကြသည်။ PPCD အလုပ်ရုံဆွေးနွေးပွဲ ပြီးနောက် IOM X သည် MOLIP နှင့် IOM မြန်မာတို့နှင့် ဆွေးနွေးတိုင်ပင်၍ အမျိုးအစား ကွဲပြားစုံလင်သည့် မြောက်များ လှစွာသော မြန်မာရွှေ့ပြောင်းသူများ လိုအပ်သည့် သတင်းအချက်အလက်နှင့် အခွင့်အလမ်းများကို စနစ်တကျ ပုံစံထုတ်ထားသည့် တင်ပြမှုနှင့် အွန်လိုင်းဖြန့်ချိမှု လိုအပ်ချက်အရ လှုပ်ရှားမှုတွင် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်း အလေ့အထအမျိုးမျိုးကို တင်ဆက်ပြသမည်ဟု ဆုံးဖြတ်ခဲ့သည်။ ကိစ္စရပ်များကို ပိုမိုနားလည်နိုင်ရန် IOM X သည် အသက်မွေးဝမ်းကျောင်းနှင့် အစားအစာဖူလုံရေး ရန်ပုံငွေအဖွဲ့ (LIFT) မှ အထောက်အပံ့ပြု၍ ၂၀၁၇ ခုနှစ်အတွင်း အိုင်အိုအမ်မှ လုပ်ဆောင်ခဲ့သော လူသားရွှေ့ပြောင်းသွားလာရေး ဗဟိုပြု ဆင်းရဲမွဲတေမှု လျော့ကျရေးနှင့် အားလုံးပါဝင်သည့် ဖွံ့ဖြိုးရေး အစီအစဉ် (CHIME) အရ မြန်မာရွှေ့ပြောင်းများနှင့် ၎င်းတို့ လူ့အဖွဲ့အစည်းများကို တွေ့ဆုံမေးမြန်းမှု ၂၀၀ ကျော်အား ဆန်းစစ်ခဲ့သည်။ ယင်းသို့တွေ့ဆုံမေးမြန်းမှုများမှ အမျိုးအစား လေးမျိုး ပေါ်ထွက်လာသည်။

- ရွှေ့ပြောင်းသွားလာရန် ငွေကြေးအစီအစဉ် ပြုလုပ်ခြင်း၏ အရေးကြီးမှု
- ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်များ ရမည့်နေရာ
- ပုံမှန် ရွှေ့ပြောင်းသွားလာရန် လိုအပ်သည့် စာရွက်စာတမ်း
- ဆိုက်ရောက်နိုင်ငံရှိ အခွင့်အရေးများနှင့် အကူအညီရနိုင်မည့် နေရာများကို သိရှိရန်အရေးကြီးမှု

အောက်ပါအရေးကြီးအချက်များကို IOM X မြန်မာ၏ အဓိကအချက်များအဖြစ် သတ်မှတ်ထားပါသည်။

**လူကုန်ကူးသည့် ဖြစ်စဉ်** ရွှေ့ပြောင်းသွားလာလိုသူများသည် များသောအားဖြင့် သတင်းအချက်အလက်ပြည့်ပြည့်စုံစုံ သိရှိ ရွှေ့ပြောင်း သွားလာရန် ဆုံးဖြတ်ချက်ချမှတ်ရာ၌ မည်သို့လုပ်ဆောင်ရမည်ကို မသိကြပါ။ ယင်းကြောင့်ပင် ဆိုက်ရောက် ဒေသ၌ ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရနိုင်ခြေ ရှိသည်။

**ရည်ရွယ်သော အပြုအမူပြောင်းလဲခြင်း** သင် သို့မဟုတ် သင့်အသိမိတ်ဆွေ တစ်ယောက်ယောက် ရွှေ့ပြောင်းသွားလာလိုပါက IOMX.org/mm တွင် ဝင်ရောက်၍ ခိုင်လုံသော သတင်းအချက်အလက်ကို မည်သည့် ရင်းမြစ်မှ ရယူရမည်ကို ကြည့်ရှုနိုင်သည်။

**ဦးတည် ပရိသတ်** အသက် ၁၈ – ၃၅ နှစ်အတွင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်၊ ပညာရည် နိမ့်ပါးသည့် ရွှေ့ပြောင်းသွားလာလိုသော လူငယ် အမျိုးသား နှင့် အမျိုးသမီး၊

**မီဒီယာ** ဗွီဒီယို

၂၀၁၈ ခုနှစ် ဇန်နဝါရီလ၌ ဗွီဒီယို ဇာတ်ညွှန်းများ စတင်ရေးသား၍ ရန်ကုန်မြို့တွင် ရွှေ့ပြောင်းသွားလာမည့်သူများနှင့် ကြိုတင်စမ်းသပ်ခဲ့သည်။ လှိုင်သာယာမြို့နယ်တွင် ရွှေ့ပြောင်းနေထိုင်သူ ၃၀ ဦးပါဝင်သည့် အုပ်စုဖွဲ့ဆွေးနွေးပွဲ သုံးခုပြုလုပ်ခဲ့သည်။ အုပ်စုဖွဲ့ဆွေးနွေးမှုများက ဇာတ်ညွှန်းများသည် လက်တွေ့ဖြစ်စဉ်နှင့် တူညီပြီး တက်ရောက်လာသူများက အမျိုးအမည် ခွဲခြားသတ်မှတ် ဖော်ထုတ်ခဲ့ကြသည်။

IOM X မြန်မာ ကမ်ပိန်း လှုပ်ရှားမှု

# မီဒီယာ တင်ဆက်မှု

ရွှေ့ပြောင်းသွားလာခြင်း ထိရောက်အောင်မြင်စေရန် ဗွီဒီယို ဇာတ်လမ်းတွဲ ၈ ကားကို ဇာတ်အိမ် ၄ ခုဖြင့် ဖွဲ့စည်းထားပြီး ဇာတ်အိမ်တစ်ခုစီကို ရှုထောင့် နှစ်ခုဖြင့် တင်ဆက်ထားသည်။ ဒရာမာဇာတ်လမ်းတိုလေး တစ်ခုစီက ရွှေ့ပြောင်းသွားလာမှု မပြုခင် သတင်းအချက်အလက်နှင့် လမ်းညွှန်မှု ရယူရန် အရေးပါပုံကို ဖော်ပြထားပြီး ယင်းသတင်းအချက်အလက်များကို လူထုအနေဖြင့် အိုင်အိုအမ် မြန်မာ မယ်ရွှေ့ပြောင်း ဖေ့ဘုတ် စာမျက်နှာအပါအဝင် နည်းလမ်းအမျိုးမျိုးဖြင့် ရယူနိုင်ကြောင်း တင်ပြထားသည်။

## ရွှေ့ပြောင်းသွားလာရန်အတွက် ငွေကြေး ကြိုတင်စီမံခြင်း အရေးပါမှု



**ချိုဇင်၏ ဇာတ်လမ်း (၃ မိနစ် ၃၉ စက္ကန့်)**
အကြွေးပိုမိုများပြားလာသည့်အခါ သမီးငယ်၏ အနာဂတ်အတွက် အတားအဆီး ဖြစ်လာသည်။ ချိုဇင်အနေဖြင့် မြို့တက်၍ ငွေရှာမည်လား သို့မဟုတ် အကြွေးနွံတွင် အနစ်ခံမည်လား ဟူ၍ ရွေးချယ်စရာ အနည်းငယ်သာ ရှိခဲ့သည်။ အခြေအနေသည် သူမ ထင်ထားသည်ထက် ပိုမိုခက်ခဲခဲ့သည်။ လုပ်ရန် ထိုက်တန်ပါ၏လော။
ယနေ့အထိ အွန်လိုင်းမှ ကြည့်ရှုသူ - ၆၈၅၀၃၂
လင့်ခ် - https://youtu.be/vQol_pT_4_I



**ဒေါ်တင်မြ၏ ဇာတ်လမ်း (၃ မိနစ် ၂၁ စက္ကန့်)**
ချိုဇင် မြို့တက် အလုပ်လုပ်သည်နှင့် သမီးငယ်ကို ဘွားအေဖြစ်သူ ဒေါ်တင်မြနှင့် ထားခဲ့ရသည်။ ဒေါ်တင်မြသည် ယခုကဲ့သို့ စွန့်စားလုပ်ကိုင်ရမှု အလဟဿ မဖြစ်စေရန် ချိုဇင်ပေးပို့သည့် ငွေကြေးကို ၎င်းတို့သားအမိ နောင်ရေးအတွက် စနစ်တကျ စီမံခန့်ခွဲသည်။
ယနေ့အထိ အွန်လိုင်းမှ ကြည့်ရှုသူ - ၇၁၅၁၉
လင့်ခ် - https://youtu.be/pIs3LcWVqjg

## ရွှေ့ပြောင်းသွားလာရန်အတွက် ငွေကြေး ကြိုတင်စီမံခြင်း အရေးပါမှု



**ကျော်လင်း၏ ဇာတ်လမ်း (၃ မိနစ် ၁ စက္ကန့်)**
ကျော်လင်းက ကမ္ဘာအနှံ့သွားကြည့်ချင်သည်။ သို့သော် လူလိမ်ပွဲစား တစ်ယောက်နှင့် တွေ့၍ စုဆောင်းထားသမျှ အားလုံးကုန်ခဲ့သည်။ သူ့အဖြစ်ကို သူများတကာ အထူးသဖြင့် သူငယ်ချင်းများအား ပြောပြ၍ ပညာယူစေ ချင်သည်။ သို့မှသာ ၎င်းတို့ အလိမ်မခံရမည် ဖြစ်သည်။
ယနေ့အထိ အွန်လိုင်းမှ ကြည့်ရှုသူ - ၁၁၂၉၆၄
လင့်ခ် - https://youtu.be/8ZIIpMdHhlI



**ဇေယျာထွန်း၏ ဇာတ်လမ်း (၃ မိနစ် ၃၄ စက္ကန့်)**
ဇေယျာထွန်းသည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့၍ လက်သမားအတတ်သင်ကြားရန် ဆုံးဖြတ်ခဲ့သည်။ ယခုအခါ ခရီးသွားလာ၍ အလုပ်လုပ်ချင်၊ ဆက်လက်သင်ကြား ချင်သည်။ သူ့ဘဝ၏ နောက်စာမျက်နှာအတွက် မည်သို့ ပြင်ဆင်နိုင်မည်နည်း။
ယနေ့အထိ အွန်လိုင်းမှ ကြည့်ရှုသူပေါင်း - ၇၅၃၉၆
လင့်ခ် - https://youtu.be/Jk7RQbSIkb4

## ပုံမှန် ရွှေ့ပြောင်းသွားလာရန် မည်သည့်စာရွက်စာတမ်းများ လိုအပ်သနည်း။



**ယဉ်မေဇော်၏ ဇာတ်လမ်း (၃ မိနစ် ၁၈ စက္ကန့်)**
ယဉ်မေဇော်သည် ကျေးလက်ဒေသရှိ သာမာန်ဘ၀ကို စွန့်လွှတ်၍ ဟိုတယ်တစ်ခုတွင် အလုပ်လုပ်နေသည်။ အစစအရာရာ အဆင်ပြေသဖြင့် သူမ အိမ်မှမထွက်ခွာခင် လိုအပ်သည်များကို အစစပြင်ဆင်ပေးခဲ့သော မိဘများကို အလွန်ကျေးဇူးတင်နေသည်။
ယနေ့အထိ အွန်လိုင်းမှ ကြည့်ရှုသူပေါင်း – ၇၀၇၅၅
လင့်ခ် – https://youtu.be/SwQPJCnOYGc



**ဦးဇော်အေး၏ ဇာတ်လမ်း (၃ မိနစ် ၅၇ စက္ကန့်)**
သမီးထွက်ခွာသွားပြီးနောက် ဦးဇော်အေးအနေရခက်ခဲ့သည်။ သမီးကို လွမ်းဆွတ်သော်လည်း သူမ မှန်ကန်သည့် ဆုံးဖြတ်ချက်ဖြင့် လုပ်ဆောင်ခဲ့မှန်း သိပါသည်။ သူမ မထွက်ခွာခင် သတင်းအချက်အလက် ရှာဖွေရန် အရေးကြီးကြောင်း သိရှိသဖြင့် ကူညီရှာဖွေပေးခဲ့သည်။
ယနေ့အထိ အွန်လိုင်းမှ ကြည့်ရှုသူပေါင်း – ၁၀၁၁၇၃
လင့်ခ် – https://youtu.be/_5yP7QIg4ok

## ဆိုက်ရောက်နိုင်ငံတွင် အခွင့်အရေးများနှင့် အကူအညီရနိုင်မည့် အရာများကို သိရှိရန် အရေးပါမှု



**နေလင်း၏ ဇာတ်လမ်း (၃ မိနစ် ၂၂ စက္ကန့်)**
နေလင်းအဖို့ နေရပ်တွင် ရုန်းကန်ရသည်မှာ ခက်ခဲလှသည်။ ဖခင်နှင့် အချိန်ပြည့် ငြင်းခုန်နေရပြီး နောက်ဆုံးတွင် နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ရမည့် အခြေအနေသို့ တွန်းပို့သကဲ့သို့ ဖြစ်ခဲ့သည်။ မထွက်ခွာခင် အဆင့်လေးဆင့်ကို လိုက်နာခဲ့သဖြင့် လွယ်ကူလုံခြုံစွာ ရွှေ့ပြောင်းလုပ်ကိုင်နိုင်ခဲ့သည်။
ယနေ့ထိ အွန်လိုင်းမှ ကြည့်ရှုသူပေါင်း – ၁၁၄၄၈၀
လင့်ခ် – https://youtu.be/hjehb0PNEj8



**ဒေါ်မြင့်မြင့်ကြည်၏ ဇာတ်လမ်း (၃ မိနစ် ၁၁ စက္ကန့်)**
နေလင်း၏ မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်ကြည်သည် သား အိမ်မှ ထွက်သွား သည့်အတွက် ၀မ်းနည်းပူဆွေးရသည်။ ထို့ပြင် သားဘေးကင်း စေရေး ကိုလဲ စိတ်ပူသည်။ ရွှေ့ပြောင်းလုပ်သားများ ကြုံတွေ့ရသည့် ဆိုးရွားသည့် အဖြစ်အပျက်များစွာကို သူမ ကြားဖူးခဲ့သည်။ သို့သော် သားဖြစ်သူက ကြိုတင်ပြင်ဆင်စရာ ရှိသည်များကို ပြင်ဆင်သွားသည့်အတွက် စိတ်အေး ရသည်။
ယနေ့ထိ အွန်လိုင်းမှ ကြည့်ရှုသူပေါင်း – ၁၁၆၀၂
လင့်ခ် – https://youtu.be/A4Cwdw7R5NM

IOM X ရွှေ့ပြောင်းသွားလာမှု အဆင်ပြေချောမွေ့စေရန် ဆိုသည့် ဗွီဒီယို ဇာတ်လမ်းတွဲ နမူနာကိုလဲ ထုတ်လုပ်ခဲ့၍ ကြည့်ရှုသူများအား ဗွီဒီယိုမှ မည်သည်တို့ကို သိရှိခဲ့ရသနည်း ဟူသည်ကို မေးမြန်းခဲ့သည်။ နစ်မျိုးလုံးကို YouTube.com/IOMXorg. တွင် ၀င်ရောက်ကြည့်ရှုနိုင်သည်။

# IOM X မြန်မာ ကမ်ပိန်း လှုပ်ရှားမှု
# ဝဘ်စာမျက်နှာ

IOM X သည် "ရွှေ့ပြောင်းသွားလာမှု အဆင်ပြေချောမွေ့စေရန်" ဗွီဒီယို ဇာတ်လမ်းတွဲအတွက် သီးသန့် ဝဘ်စာမျက်နှာ ပြုလုပ်ထားကာ ဦးတည်ပရိသတ်နှင့် သင့်လျော်သည့် အခြားသော တင်ဆက်မှုများကိုလဲ ထည့်သွင်းထားသည် IOMX.org/mm မြန်မာ ဝဘ်စာမျက်နှာကို မေလ ၇ ရက်နေ့မှ ဩဂုတ်လ ၉ ရက် ၂၀၁၈ အထိ **ဝင်ရောက်ကြည့်ရှုမှုပေါင်း ၁၁၃၈၉ ကြိမ်**ရှိခဲ့သည်။ ထိုမျှသာမက လက်တွေ့ဆောင်ရွက်နေသူများနှင့် မြန်မာစကား မတတ်သည့် ဦးတည်ပရိသတ်များအတွက် ရည်စူး၍ IOM X အင်္ဂလိပ်ဘာသာ ဝဘ်စာမျက်နှာ IOMX.org/mm/english ကိုပြုလုပ်ထားသည်။

**ခေါင်းစဉ်** - IOM X လှုပ်ရှားမှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်

**ကမ်ပိန်း ဗွီဒီယို ၈ ကား** - လေးကားစီ ပြထား၊ ဇာတ်လမ်း နှစ်ပိုင်း

**မယ်ရွှေ့ပြောင်း** - မြန်မာကမ်ပိန်း စတင်သည်နှင့် အိုင်အိုအမ် LIFT အစီအစဉ်ဖြင့် ဖေ့ဘုတ် မက်ဆေ့ကို အခြေခံသည့် စုံစမ်းမေးမြန်းနိုင်သည့် "မယ်ရွှေ့ပြောင်း" ကိုပါ တစ်ပြိုင်နက်တည်း စတင်ခဲ့သည်။ အသုံးပြုသူများအနေဖြင့် လုံခြုံစိတ်ချရ၍ အကျိုးအမြတ်ဖြစ်ထွန်းသော ရွှေ့ပြောင်းသွားလာခြင်း ပြုလုပ်နိုင်ရန် လိုအပ်သည့် သတင်းအချက်အလက်များကို ရှာဖွေနိုင်ပါသည်။

**အချက်အလက်စာစဉ်** - အလွယ်တကူ ဒေါင်းလုပ်ယူနိုင်သည့် အချက်အလက်စာစဉ်တွင် နေရပ်မှ အဝေးသို့ရွှေ့ပြောင်းသွားလာလိုသူများအတွက် လက်တွေ့အသုံးဝင်မည့် ငွေကြေးစီမံခန့်ခွဲရေး၊ နာမည်ပျက်မရှိသည့်အလုပ်ရှင်ကို ရှာဖွေခြင်းနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရကြောင်း သိနိုင်မည့် ညွှန်းကိန်းများ စသည်တို့ကို ထည့်သွင်းထားသည်။

**နိုင်လုံအားထားလောက်သည့် သတင်းအချက်အလက် ရင်းမြစ်** - IOM Xသည် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး ဗဟိုဌာနများနှင့် အလုပ်သမား ရှာဖွေရေး ရုံးများအား ရွှေ့ပြောင်းများလိုအပ်သည့် သတင်းအချက်အလက်များ ရရှိနိုင်သည့် နိုင်လုံအားထားလောက်သည့် ရင်းမြစ်များအဖြစ် မြှင့်တင်ပေးသည်။

**ခေါင်းပုံဖြတ် အမြတ်ထုတ်မှု အမျိုးအစားများ** - ဦးတည်ပရိသတ်အနေဖြင့် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုကို နားလည်စေရန် နှင့် မတူကွဲပြားသည့် ပုံစံအမျိုးမျိုးကို သိရှိနိုင်စေရန် ခေါင်းပုံဖြတ် အမြတ်ထုတ်မှု အမျိုးအစားများစွာကို မြန်မာဘာသာဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရှင်းပြထားသည်။

**ဘာသာပြန်ဆိုထားသည့် တင်ဆက်မှုများ** - လူကြိုက်များသည့် IOM X ဗွီဒီယိုများကို မြန်မာဘာသာသို့ ပြန်ဆို ထားသည်။ ယင်းတို့တွင် - လူကုန်ကူးမှုဆိုသည်မှာ အဘယ်နည်း - မသွားခင် ဒါတွေသိပါ နှင့် ပရစ္စနာ တို့ပါဝင်သည်။

**လက်တွေ့ဆောင်ရွက်နေသူများအတွက် ရင်းမြစ်များ** - ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေး၊ မြန်မာ အချက်အလက်စာစဉ်နှင့် လုံခြုံစိတ်ချရ၍ အကျိုးအမြတ် ဖြစ်ထွန်းစေမည့် ရွှေ့ပြောင်းသွားလာရေး လမ်းညွှန်အချက်များ အပါအဝင် လက်တွေ့ ဆောင်ရွက်နေသူများအတွက် မရှိမဖြစ် ရင်းမြစ်များကို အလွယ်တကူ ဒေါင်းလုပ်ရ ယူနိုင်သည်။



IOM X မြန်မာ ကမ်ပိန်း လှုပ်ရှားမှု

# နေပြည်တော် မီဒီယာ




"ရွှေ့ပြောင်းသွားလာမှု အဆင်ပြေချောမွေ့စေရန်" ဗွီဒီယို ဇာတ်လမ်းတွဲကို အလုပ်သမား၊ လူဝင်မှုနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ က ၂၀၁၈ ခုနှစ်၊ မေလ ၇ ရက်နေ့၌ကျင်းပခဲ့သည့် မီဒီယာအခမ်းအနားတွင် ဖွင့်လှစ်ပေးခဲ့သည်။

မီဒီယာ အခမ်းအနားသို့သတင်းတိုက် ၁၂ တိုက်က သတင်းထောက် ၂၀ ဦး အပါအဝင် စုစုပေါင်း ၇၅ ဦးတက်ရောက်ခဲ့သည်။ အခမ်းအနား အကြောင်း သတင်းနှင့် ရုပ်သံတင်ဆက်မှုပေါင်း ၁၀ ခုကျော်ရှိခဲ့ပြီး လူထုဆက်သွယ်ရေးတန်ဖိုး အမေရိကန် ဒေါ်လာ ၅၄၉၀ နှင့်ညီမျှသည်။




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ က အခမ်းအနား ဖွင့်လှစ်



အိုင်အိုအမ် စီမံကိန်း အကြီးအကဲ အကီယိုနာကယာမ က သတင်းမီဒီယာများအား ဖြေကြားစဉ်




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ သတင်းမီဒီယာများအား ဖြေကြားစဉ်



အခမ်းအနားတက်ရောက်လာသော အစိုးရဌာနများမှ ပုဂ္ဂိုလ်များ



တက်ရောက်လာသည့် ဧည့်သည်တော်တစ်ယောက်မှ အမှတ်တရ ဓာတ်ပုံရိုက်ကူး



တာရာဒီမွန့်(အလယ်) IOM X အစီအစဉ်ခေါင်းဆောင် အခမ်းအနားတက်ရောက်နေစဉ်

# Media + Tech For Migration

IOMX မြန်မာသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော "ရွှေ့ပြောင်းသွားလာခြင်းအတွက် မီဒီယာ + နည်းပညာ" ဖိုရမ်ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၃ ရက်တွင် ရန်ကုန်မြို့ ၊ Burbrit Brewery ၌ ကျင်းပခဲ့သည်။ အခမ်းအနားကို အလုပ်သမား၊ လူဝင်မှုနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ အလုပ်သမား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းစိန်က ဖွင့်လှစ်ပေးခဲ့သည်။ အိုင်အိုအမ် မြန်မာ၏ စီမံကိန်း အကြီးအကဲ အကီရို နာကာယာမက ကြိုဆို နှုတ်ဆက်စကား ပြောကြားခဲ့သည်။

သတင်းဌာန ၄၀ မှ သတင်းထောက် ၅၈ ယောက်အပါအဝင် စုစုပေါင်း လူဦးရေ ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ ဩဂုတ်လ ၁၅ ရက်နေ့အထိ အခမ်းအနားမှ လူထုဆက်သွယ်ရေးတန်ဖိုး ၅၃၀၈၄ ဒေါ်လာနှင့်ညီမျှသည့် ဆောင်းပါးနှင့် ရုပ်သံတင်ဆက်မှုပေါင်း ၆၁ ခုထုတ်လုပ်နိုင်စေခဲ့သည်။

IOMX မြန်မာ၏ အစီအစဉ်ခေါင်းဆောင် တာရာဒါမွန့်က IOM X မြန်မာ ကမ်ပိန်းလှုပ်ရှားမှုကို မိတ်ဆက်ပေးပြီးနောက် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ (အိုင်အိုအမ် မြန်မာ၊ ICT4D အလုပ်အဖွဲ့၊ အစ္စရာ အင်စတီကျု) က ရွှေ့ပြောင်းသွားလာခြင်းအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၏ အရေးပါပုံ၊ ပြန်လာသည့် ရွှေ့ပြောင်းသူများက မိုဘိုင်းဖုန်း app များ အသုံးပြုပုံနှင့် ရွှေ့ပြောင်းများနှင့် ၎င်းတို့၏ အသိုင်းအဝိုင်းတို့ မည်သို့ ကောင်းမွန်စွာ ဆက်သွယ်နိုင်ပုံတို့ကို ပြောကြားခဲ့ကြသည်။

ပြောကြားမှုတစ်ခုနှင့် တစ်ခုအကြားတွင် "ရွှေ့ပြောင်းသွားလာမှု အဆင်ပြေချောမွေ့စေရန်" ဗွီဒီယိုများ ပြသခဲ့ပြီး USAID စီမံကိန်း ညွှန်ကြားရေးမှူး တယ်ရီဆာ မင်ဂီက အခမ်းအနားပိတ်သိမ်းကြောင်း နှုတ်ဆက်စကား ပြောကြားပေးခဲ့သည်။

အခမ်းအနားကျင်းပနေစဉ်အတွင်း IOMX.org/mm အတွက် ဂရပ်ဖတီ အနုပညာရှင်များက အနုပညာလက်ရာများ ရေးဆွဲခဲ့သကဲ့သို့ မြန်မာနိုင်ငံ၏ နာမည်ကြီးအဆိုတော် ချမ်းချမ်းက တေးသီချင်းများနှင့် သီဆိုဖျော်ဖြေခဲ့သည်။



ဦးဝင်းစိန်၊ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ဦးစီးဌာန
MOLIP




အကီရို နာကာယာမ၊ Chief of Mission, IOM Myanmar (ဘယ်)
တယ်ရီဆာ မင်ဂီ၊ USAID Mission Director (ညာ)




Saijai Liangpunsakul, Chairperson, ICT4D Working Group



ဉမ္မာအိအိချော၊ Country Director, Issara Institute




တာရာဒါးမွန့် t, rogram Leader, IOM X




မီချိုကို အီတို၊ Programme Manager Labour Mobility and Human Development, IOM Myanmar

# Media+Tech for Migration



အဆိုတော် ချမ်းချမ်း



တယ်ရီဆာ မင်ဂီ၊ USAID Mission Director


ဧည့်သည်ပေါင်း ၂၀၀ ကျော်တက်ရောက်ခဲ့



ဂရပ်ဖတီအနုပညာရှင်များက နံရံပေါ်တွင် ရေးဆွဲနေကြစဉ်


မတ်ဝေါလေ့စ်၊ CEO of Opportunities Now၊ chatbots ကို ပညာရေးအတွက် အသုံးပြုပုံကို ဆွေးနွေးနေစဉ်



တေးသံရှင် ချမ်းချမ်းနှင့် ဧည့်သည်တော်များ

*Media+Tech for Migration ဓာတ်ပုံအယ်လ်ဘမ်ကို https://flic.kr/s/aHsmiFVNuu တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။*

## ရုပ်သံလွှင့် မိတ်ဖက်များ

"ရွှေ့ပြောင်းသွားလာမှု အဆင်ပြေချောမွေ့စေရန်" ဗွီဒီယိုဇာတ်လမ်းတွဲများကို IOM X ၏ ရုပ်သံပါတနာများဖြစ်ကြသည့် မဇ္ဈိမ နှင့် DVB တို့က ထုတ်လွှင့်ပေးသည်။ ရုပ်မြင်သံကြားတွင် ပုံမှန်ထုတ်လွှင့်ပေးခြင်း၊ အွန်လိုင်းမှ ပရိုမိုးရှင်းလုပ်ခြင်းတို့မှတစ်ဆင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်း သတင်းစကားများကို ကြည့်ရှုမှုပေါင်း သန်း ၁၇၀ ကျော်အထိ ရှိလာမည်ဖြစ်သည်။ MOLIP က လူကြည့်အများဆုံး MRTV ရုပ်သံလိုင်းအပါအဝင် ပြည်တွင်း ရုပ်သံလိုင်းများနှင့် ချိတ်ဆက်၍ ပြသရန် စီစဉ်ထားသည့်အတွက် သန်းပေါင်းများစွာသော ပရိသတ်က ကြည့်ရှုနိုင်ကြတော့မည်ဖြစ်သည်။



### မယ်ရွှေ့ပြောင်း (Miss Migration) ကို မေးပါ

IOM X မြန်မာ ကမ်ပိန်းလှုပ်ရှားမှု စတင်သည်နှင့် ဖေ့ဘုတ်အခြေခံ မေးမြန်းစုံစမ်းနိုင်သည့် မယ်ရွှေ့ပြောင်း (Miss Migration)အစီအစဉ်ကို စတင်ခဲ့သည်။ ယင်းအစီအစဉ်ကို LIFT စီမံကိန်းအောက်တွင် အိုင်အိုအမ်မြန်မာက စတင်ခဲ့ခြင်းဖြစ်ပြီး အသုံးပြုသူများကို မြန်မာဘာသာစကားဖြင့် ရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်သည့် အချက်အလက်များ ညွှန်ပြနိုင်ရန် ရည်ရွယ်သည်။ ယင်းစကားပြောအစီအစဉ်ကို 'like' လုပ်သူပေါင်း ၃၃၇၁ ရှိပြီး စတင်ထုတ်လွှင့် ခဲ့သည့် မေလ ၂၀၁၈ မှစ၍ သုံးစွဲသူပေါင်း ၁၀၅၀ ခန့်ရှိသည်။

ဤနေရာတွင် အသုံးပြုနိုင်ပါသည် - Facebook.com/MissMigration

IOM X မြန်မာ ကမ်ပိန်း လှုပ်ရှားမှု

# မီဒီယာများ ပါဝင်မှု

အစီရင်ခံကာလ - မေလ ၂ - ၁၅ ဩဂုတ် ၂၀၁၈

**၇၁**

IOM X မြန်မာ၏ လှုပ်ရှားမှုများအကြောင်း ဆောင်းပါး နှင့် ရုပ်သတံတင်ဆက်မှုအရေအတွက်

**US$ ၅၈,၅၇၄**

မီဒီယာ တင်ဆက်မှုများ၏ ခန့်မှန်း လူထုဆက်သွယ်ရေးတန်ဖိုး










IOM X မြန်မာ ကမ်ပိန်း လှုပ်ရှားမှု

# ဒစ်ဂျစ်တယ် အသုံးချမှု

အစီရင်ခံကာလ - မေလ ၂ - ဩဂုတ် ၉၊ ၂၀၁၈

**၁,၄၂၃,၇၄၂**

အွန်လိုင်း ဗွီဒီယိုကြည့်ရှုသူပေါင်း (မိတ်ဖက် ဝဘ်ဆိုက်များအပါအဝင်)

**၁၁,၃၈၉**

ဝဘ်စာမျက်နှာကို လာရောက်လည်ပတ်မှုပေါင်း

**၃,၈၉၁**

အွန်လိုင်းသုံးစွဲမှုများ

IOM X သည် ကမ်ပိန်းလှုပ်ရှားမှုတွင် ပါဝင်လာမည့် ဦးတည်ပရိသတ်ကို ရည်စူး၍ မြန်မာဘာသာဖြင့်လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်း ကတ်ပြားများနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်မှု အမျိုးအစားများအကြောင်း ရှင်းပြထားသည့် ပညာပေး စာစဉ်များအပါအဝင် ဆိုရှယ်မီဒီယာ အရေးအသားများကို ထုတ်လုပ်ထားသည်။








STOP EXPLOITATION USAID FROM THE AMERICAN PEOPLE

STOP EXPLOITATION USAID FROM THE AMERICAN PEOPLE

STOP EXPLOITATION USAID FROM THE AMERICAN PEOPLE

IOM X မြန်မာ ကမ်ပိန်း လှုပ်ရှားမှု

# အခက်အခဲများနှင့် ဖြေရှင်းမှုများ

| | အခက်အခဲ | ဖြေရှင်းမှု |
| --- | --- | --- |
| 1 | မြန်မာနိုင်ငံတွင် သတင်းအချက်အလက် ထုတ်လွှင့်ရန် ကြီးမားသော အခက်အခဲမှာ မခန့်မှန်းနိုင်သည့် အတိုင်းအတာပမာဏနှင့် မတူကွဲပြားသည့် သတင်းအချက်အလက် လိုအပ်မှုများဖြစ်သည်။ မြန်မာ ၄ ဦး လျှင် တစ်ဦးမှာ ရွှေ့ပြောင်းသူဖြစ်ပြီး ၎င်းတို့ လိုအပ်သည့် သတင်းအချက်အလက်မှာ ၎င်းတို့မည်သူမည်ဝါဖြစ်ခြင်း၊ မည်သည့်နေရာကလာခြင်း၊ မည်သည့်နေရာသို့ သွားလိုခြင်းနှင့် ဘာလုပ်ချင်သလဲ ဆိုသည့် အချက်များပေါ် မူတည်သည်။ | IOM X သည် ယင်းအခက်အခဲကို ကျော်လွှားရန် အတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်ပေးရန် သက်သက် အာရုံစိုက်မှုထက် ရွှေ့ပြောင်းသွားလာမည့် ဆုံးဖြတ် ချက်ချမှတ်ရာတွင် လိုအပ်သည့် သတင်းအချက်အလက်ရှာဖွေခြင်း၏ အရေးပါပုံနှင့် တန်ဖိုးတို့ကို နားလည်မှုတိုးပွားလာစေရန် နှင့် ရနိုင်မည့် အမျိုးမျိုးသော သတင်း အချက်အလက်ရင်းမြစ်များ (အွန်လိုင်းနှင့် အွန်လိုင်း ပြင်ပ) ကို လူသိများစေရန် ပိုမိုအလေးထား အာရုံစိုက် လုပ်ဆောင်ခဲ့သည်။ IOM X သည် အိုင်အိုအမ် မြန်မာ၏မယ်ရွှေ့ပြောင်း ဖေ့ဘုတ် မေးမြန်းစုံစမ်းသည့်စနစ်ကိုလည်း စမတ်ဖုန်းရှိသူတိုင်း အလွယ်တကူ အသုံးပြု၍ ရနိုင်သည့်အတွက် မြှင့်တင်မှုပြုခဲ့သည်။ |
| 2 | မြန်မာများစွာသည် (ဤကမ်ပိန်း၏ဦးတည် ပရိသတ်ဖြစ်သည့်) မြန်မာစာ မဖတ်ကြသည့်အတွက် ဤ ကမ်ပိန်း IOMX.org/mm ဝဘ်စာမျက်နှာ၏ အသုံးဝင်မှု၊ ထိရောက်မှုကို အားလျော့စေသည်။ | IOM X သည် အင်္ဂလိပ်ဘာသာဖြင့် ဝဘ်စာမျက်နှာ ပြုလုပ်ခဲ့သည့် အပြင် "ရွှေ့ပြောင်းသွားလာမှု အဆင်ပြေချောမွေ့စေရန်" ဗွီဒီယို ဇာတ်လမ်းတွဲကို တိုင်းရင်းသား ဘာသာစကား ငါးမျိုးဖြင့် ပြန်ဆို လွှင့်တင်ခဲ့သည်။ |
| 3 | IOM X ပြည်တွင်း ကမ်ပိန်း လှုပ်ရှားမှုပုံစံမှာ ဒေသခံ လူ့အဖွဲ့အစည်းကို အခြေခံထားသည့် စီမံကိန်းဖြစ်သကဲ့သို့ ပိုမိုကျယ်ပြန့်သည့် နိုင်ငံလုံးဆိုင်ရာ ပင်မ လူထုဆက်သွယ်ရေးကို ပြောင်းလဲ အာရုံစိုက်ထားသော်လည်း အိုင်အိုအမ်မြန်မာ၏ မယ်ရွှေ့ပြောင်း စကားပြော ဖေ့ဘုတ်စနစ် အားကောင်း လာနိုင်ခြေရှိသည်။ | ကနဦးသုတေသနတွင် နိုင်ငံတစ်ဝှမ်းရှိ ရွှေ့ပြောင်းများနှင့် ၎င်းတို့၏ မိသားစုများအား တွေ့ဆုံမေးမြန်းမှု ၂၀၀ ကျော် အားထည့်သွင်း၍ လေ့လာသုံးသပ်မှုပြုလုပ်ခဲ့သည်။ နှစ်ခုလုံးမှ တွေ့ရှိချက်များအရ ဤ ကမ်ပိန်းလှုပ်ရှားအစီအစဉ်ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆီလျော် အသုံးဝင်မှုရှိအောင် ပြုပြင်ခဲ့သည်။ ထို့ပြင် ဖြန့်ဝေသည့် နည်းဗျူဟာကိုလည်း နိုင်ငံတော်အဆင့်မြှင့်တင်ခဲ့ပြီး ပြည်တွင်း ရုပ်သံလွှင့် မိတ်ဆွေများနှင့် ချိတ်ဆက်လုပ်ဆောင်ခဲ့သည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသား ဘာသာစကားများဖြင့် ဗွီဒီယိုကို ကြည့်ရှုနိုင်ရန် ဘာသာစကား ခြောက်မျိုးဖြင့် ပြန်ဆို ထုတ်လုပ်ခဲ့သည်။ |
| 4 | ဇူလိုင်လ ၃ ရက်နေ့ အခမ်းအနားတွင် အချို့သောသူများက သတ်မှတ်ထားသည့် အချိန် ၆ မိနစ် ထက် ပိုယူခဲ့သည့်အတွက် အခမ်းအနားအချိန် ပိုမိုကြာမြင့်ခဲ့သည်။ | ရှေ့ဆုံးတန်းရှိ စကားပြောသူအားလုံး မြင်နိုင်မည့်နေရာတွင် အချိန်မှတ်သူ ထားရှိပေးသည်။ |
| 5 | အခမ်းအနားတွင် ဗွီဒီယို ၈ ကားကို ပြသခဲ့ရာ လျှပ်စစ်မီး မပြတ်တောက်ရန် IOM X အတွက် အလွန် အရေးကြီးပါသည်။ ယင်းအချက်မှာ ရန်ကုန်မြို့တွင် အနည်းငယ် အခက်အခဲရှိသည်။ အထူးသဖြင့် မိုးရာသီတွင် ဖြစ်သည်။ | IOM X သည် မီးစက်တစ်လုံး အရန်သင့် ထားရှိစေရန် အခမ်းအနား စီစဉ်သူမှတစ်ဆင့် ဆောင်ရွက်ခဲ့ပြီး အသံ၊ အရုပ်ပြတ်တောက်မှု မရှိ ပြသနိုင်ရန် စီစဉ်ခဲ့သည်။ |

For more information, please contact Tara Dermott,
IOM X Program Leader, at tdermott@iom.int.

STOP EXPLOITATION
LEARN · ACT · SHARE

USAID
FROM THE AMERICAN PEOPLE